## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားညီညွတ်ရေးအစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

**ကြေညာချက် အမှတ် (၂ /၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၂၁ ခုနှစ် ၊ ဇူလိုင်လ ၂၉ ရက် )

**" တပ်မတော်သား ၊ ရဲ CDM ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် ကြေညာချက် "**

၁။ တရားမျှတမှုနှင့် ဒီမိုကရေစီကို ရွေးချယ်၍ ပြည်သူ့ဘက်မှ ရပ်တည်ကာ ပြည်သူ့ရင်ခွင်သို့ ခိုလှုံဝင်ရောက်လာကြသော CDM ဝန်ထမ်းများသည် ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေး အတွက် ကြီးမားသော ခွန်အားဖြစ်စေပြီး အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီ၏ အင်အားကို ချိနဲ့စေရုံ သာမက အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အတွက်လည်း အားကိုးအားထားပြုရမည့် အင်အားများ ဖြစ်သည်ဟု မှတ်ယူအသိအမှတ်ပြုပါသည်။

၂။ ပြည်သူလူထုဘက်သို့ ပူးပေါင်းရပ်တည်လာကြမည့် မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ CDM နိုင်ငံ့ဝန်ထမ်းသားကောင်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ CDM ကုဒ်နံပါတ် များအား မကြာခင်တွင် ထုတ်ဝေအသိအမှတ်ပြု သွားမည်ဖြစ်သည်။

၃။ CDM ပြုလုပ်ထားပြီး စာရင်းပေးသွင်းလိုသော တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အတွင်းမှ နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် အချက်အလက်ပေါက်ကြားမှုကို စိုးရိမ်စရာမလိုဘဲ http://t.me/MyanmarPeople Telegram မှတစ်ဆင့် ဆက်သွယ်စာရင်းပေးသွင်း နိုင်ပါကြောင်း အသိပေး ကြေငြာလိုက်သည်။

(ပုံ) ရည်မွန်

ပြည်ထောင်စုဝန်ကြီး

ကာကွယ်ရေးဝန်ကြီးဌာန